**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**
www.knuhq.org

## ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး မှ ပေးပို့ သော အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ငြိမ်းချမ်းရေးနေ့သို့ ပေးပို့သော သဝဏ်လွှာ

**ရက်စွဲ - စက်တင်ဘာလ ၂၁ ရက်၊ ၂၀၂၁ ခုနှစ်**

ယနေ့ စက်တင်ဘာလ (၂၁) ရက်နေ့သည် ကမ္ဘာ့ကုလသမဂ္ဂမှ ချမှတ်ထားသော အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ဖြစ်ပါသည်။ ယခုနှစ်အတွက် ကမ္ဘာ့ကုလသမဂ္ဂမှ ချမှတ်ထားသော အဓိက အချက်မှာ သာတူညီမျှမှု နှင့် ရေရှည်တည်တံ့ ခိုင်မြဲသည့် ပိုမိုကောင်းမွန်သော ကမ္ဘာကြီးကို ပြန်လည်ရယူတည်ဆောက်ခြင်းဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့မှ နှစ်စဉ်ချမှတ်ခဲ့သော ရည်ရွယ်ချက်များနှင့် စပ်လျဉ်းသည့် အကြမ်းဖက်မှုများနှင့် ငြိမ်းချမ်းရေး တည်ဆောက်ခြင်းဆိုင်ရာ အချက်များကို မိမိတို့ ကေအဲန်ယူ-ကရင့်အမျိုးသား အစည်းအရုံး အနေဖြင့် ထာဝစဉ်ကြိုဆိုထောက်ခံပါသည်။

မိမိတို့ နေထိုင်ရာ ကမ္ဘာကြီးအား အေးချမ်းသာယာစေရန် အဓိက အရေးကြီးသော အချက်သည် ကမ္ဘာ့လူသားများအတွက် လုံခြုံမှုနှင့် အကြမ်းဖက်မှု အန္တရာယ်များမှ အကာအကွယ်ပေးခြင်းဖြစ်ပါသည်။ ထို့ကြောင့်၊ ကမ္ဘာ့လူသားများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များ၊ ကျောင်းများ၊ လုပ်ငန်းခွင်များနှင့် ကမ္ဘာ့နေရာဒေသ အသီးသီးတွင် နေထိုင်နေကြသော ကမ္ဘာ့လူသားများအတွက် အကာအကွယ်ပေးခြင်း ပင် ဖြစ်ပါသည်။

ထို့အပြင်၊ အကြမ်းဖက်မှုများနှင့် ညှင်းဆဲသတ်ဖြတ်မှုများကို အားပေးအားမြှောက်မှုများကို ဖြစ်ပေါ်စေသော အတွေးအခေါ်များ၊ ထုံးတမ်းစဉ်လာများ၊ ယဉ်ကျေးမှုများ၊ ဖွဲ့စည်းတည်ဆောက်မှုစနစ်များကို ပြုပြင်ပြောင်းလဲပစ်ရန် မရှိမဖြစ် လိုအပ်ပါသည်။ ငြိမ်းချမ်းမှုများကို ရယူလိုသည့် စိတ်ဆန္ဒ တစ်ခုတည်းဖြင့် ငြိမ်းချမ်းရေးကို ရယူတည်ဆောက်ခြင်းသည် ပြည့်စုံလုံလောက်သည့် အချက် မဟုတ်ပေ။ ကမ္ဘာ့လူသားများအား အကာအကွယ် ပေးခြင်းအပြင် ငြိမ်းချမ်းရေး တည်ဆောက်ရေးအတွက် အကောင်အထည် ဖေါ်ဆောင်မှုများတွင် လက်တွေ့ ပါဝင်လုပ်ဆောင်ခြင်းဖြင့်သာလျှင် ကမ္ဘာ့လူသားများအတွက် မျှော်လင့်ခြင်းများကို ပေးဆောင်နိုင်မည် ဖြစ်ပါသည်။

ကမ္ဘာ့လူသားများအတွက် အသက်၊ အိုးအိမ်၊ စည်းစိမ်များ၊ ကျောင်းများနှင့် အသက်မွေးဝမ်းကျောင်းမှုများအား ဘက်ပေါင်းစုံမှ အကာအကွယ်ပေးရမည် ဖြစ်ပါသည်။

မိမိတို့ နိုင်ငံ၏ သမိုင်း တစ်လျှောက်တွင် မလုံခြုံမှုများ၊ စိုးရိမ်ကြောင့်ကြမှုများ၊ အကြမ်းဖက်မှုများ၊ ညှင်းဆဲသတ်ဖြတ်မှုများနှင့် ငြိမ်းချမ်းမှုအတွက် အတားအဆီးများကို ဖြစ်ပေါ်စေသော တွေးခေါ်မှုများနှင့် အပြုအမူများကို ထာဝစဉ် ကြုံတွေ့နေရပါသည်။ ယခုကဲ့သို့သော တွေးခေါ်မှုများနှင့် အပြုအမူများကို အဆုံးမသတ်နိုင်ပါက ငြိမ်းချမ်းရေးနှင့် အလှမ်းဝေးနေမည်သာ ဖြစ်ပါသည်။ ထို့ကြောင့်၊ မိမိတို့ အနေဖြင့် ယခုကဲ့သို့ အကြမ်းဖက်မှုများနှင့် ဆက်စပ်နေသည့် အတွေးအခေါ်များနှင့် လုပ် ဆောင်မှုများ၏ ရန်များမှ တားဆီးခြင်း၊ ကာကွယ်ခြင်း နှင့် ပပျောက်စေခြင်းများအတွက် အားထုတ် လုပ်ဆောင်ကြရပါမည်။

ကမ္ဘာ့လူသားများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များ၊ ကျောင်းများနှင့် အသက်မွေးဝမ်းကျောင်းမှုများကို အကာအကွယ် ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်း၏ ခေါင်းဆောင်များနှင့် မျိုးဆက်သစ်လူငယ်များ၏ ပူးပေါင်းပါဝင်မှုများလည်း အထူးလိုအပ်ပါသည်။ ကမ္ဘာ့လူသားများအတွက် မလုံခြုံမှုများနှင့် မတည်ငြိမ်မှုများကို ဖြစ်ပေါ်စေသော အတွေးအခေါ်များနှင့် ယဉ်ကျေးမှုများကို ချုပ်ငြိမ်းစေရန် အားထုတ်ကြရပါမည်။

မိမိတို့ ကေအဲန်ယူ-ကရင့်အမျိုးသား အစည်းအရုံးကို ဖွဲ့စည်းတည်ထောင်ခဲ့သည့် အဓိကမူလ ရည်ရွယ်ချက်သည် ပြည်သူလူထု၏ ရပ်ရွာ၊ အသက်၊ အိုးအိမ်၊ စည်းစိမ်များနှင့် အသက်မွေးဝမ်းကြောင်းမှုများကို အကာအကွယ် ပေးရန် ဖြစ်ပါသည်။ ထိုကဲ့သို့သော အကာအကွယ်ပေးရေးလုပ်ငန်းများသည်လည်း ကေန်အမှန် လိုအပ်ပါသည်။ မိမိတို့၏ အသက်ရှင်သန်မှုနှင့် ပိုင်ဆိုင်မှုများကို အကာအကွယ် ပေးခြင်းသည် ကမ္ဘာ့ လူသားတိုင်း၏ မွေးရာပါ အခွင့်အရေးဖြစ်ပါသည်။ ပြည်သူလူထု အတွက် ရသင့်ရထိုက်သော အခွင့်အရေးများ၊ တန်းတူညီတူမှု၊ ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် ဖက်ဒရယ် ဒီမိုကရေစီတည်ဆောက်ရေး မူဝါဒလမ်းစဉ်အတိုင်း မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်အတိုင်း ပြီးမြောက်အောင်မြင်သည်အထိ ကြိုးပမ်းအားထုတ်သွားပါမည်။ ထိုကဲ့သို့သော ရည်မှန်းချက်ပန်းတိုင်များ ပြီးမြောက် အောင်မြင်နိုင်ရန် ကမ္ဘာ့ လူသားများ၏ အသက်၊ အိုးအိမ် စည်းစိမ်နှင့် ရှင်သန်မှု၊ အသက်မွေးဝမ်းကြောင်းမှုနှင့် လုံခြုံမှုအတွက် ကြိုးပမ်းအားထုတ်နေကြသည့် မည်သည့် ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းကိုမဆို လက်တွဲ လုပ်ဆောင်သွားမည် ဖြစ်ပါသည်။

ပြည်သူလူထု တစ်ရပ်လုံးမှ အကြောက်တရားများ၊ စိုးရိမ်ကြောင့်ကြမှုများ၊ အသက်အိုးအိမ်စည်းစိမ်နှင့် ရပ်ရွာများအား ဖျက်ဆီးခံခြင်းများမှ လွတ်မြောက်ကြပြီး လုံခြုံမှု၊ ငြိမ်းချမ်းမှုနှင့် သာယာဝပြောခြင်းများကို ရရှိခံစားကြရပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဗဟို အလုပ်အမှုဆောင် ကော်မတီ**

**ကေအဲန်ယူ-ကရင့်အမျိုးသား အစည်းအရုံး**

**ဗဟိုဌာနချုပ်**